# ဥပဒေပြုခြင်း 1617R-007
## နောက်ဆုံးအပြီးသတ်

*Plyerv.Doe (1982)* တွင်ကျင်းပခဲ့သော အမေရိကန်ပြည်ထောင်စု တရားလွှတ်တော် ရုံးချုပ်မှ ဒေသ တွင်း အများပြည်သူနှင့် ဆိုင်သော မည်သည့်ကျောင်းတွင်မဆို ကလေးငယ်များ၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေကြောင့်ဖြစ်စေ၊ ကလေးငယ်များအပေါ်တွင် ထိခိုက်ခြင်း အန္တရာယ်မှ ကာကွယ်ရန်ဖြစ်စေ၊ အဖွဲ့အစည်း ကိုယ်တိုင် နှင့် တစ်ဆယ့်လေးခုမြောက် ဥပဒေပြင်ဆင်ချက်အရ ညီမျှသော ကာကွယ်ခြင်း ဥပဒေအရဖြစ်စေ ကလေးငယ်များအား ပညာသင်ကြားခွင့်ကို ငြင်းပယ်ခွင့်မရှိပါ။ ထို့အပြင်

MPS စီမံခန့်ခွဲရေး မူဝါဒ 1.04 အရ လူတစ်ဦး တစ်ယောက်၏ လိင်၊ လူမျိုး၊ အသားအရောင်၊ မွေးဖွားရာနိုင်ငံ၊ မျိုးရိုး၊ ဘာသာအယူဝါဒ၊ ကိုးကွယ်ယုံကြည်မှု၊ ကိုယ်ဝန်ရှိခြင်း၊ အိမ်ထောင်ပြုခြင်းနှင့်ဆိုင်သော အဆင့်အခြေအနေ၊ ကာမဂုဏ်ဆိုင်ရာ စိတ်အခြေအနေ၊ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာစိတ်လှုပ်ရှားထိခိုက်မှု၊ သို့မဟုတ် စာသင်ကြားရာတွင် အခက်အခဲရှိမှု၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ ဆောင်ရွက်နိုင်စွမ်းကို ထိန်းချုပ်ထားသော အခြေအနေ၊ အခြားသော ဥပဒေအရ တားမြစ်ထား သောအခြေအနေ စသောအကြောင်းများကြောင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မီဝါကီ ပြည်သူ့ ကျောင်းတွင် တက်ရောက်ခြင်းကို တားမြစ်မြင်း၊ ပူးပေါင်းပါဝင်ခြင်း၊ ဘာသာရပ်နှင့်ဆိုင်သော၊ ဘာသာ ရပ်နှင့်မဆိုင်သောပြင်ပသင်ခန်းစာများတွင် ဆန့်ကျင်ခြင်း၊ ကျောင်းသားများ အပန်းဖြေခြင်းနှင့်ဆိုင်သော ဝန်ဆောင်မှုများ၊ အခြားသော လှုပ်ရှားမှုများ၊ အစီအစဉ်များတွင် ပါဝင်ခြင်းမှ တားဆီးပိတ်ပင်မှုများကို မပြုလုပ်နိုင်ကြောင်းဖော်ပြထားသည်။ ထို့အပြင်

MPS ဟုခေါ်သောမီဝုကီပြည်နယ် ပြည်သူ့ကျောင်းများ၏အမြင်မှ ကျောင်းများသည် လုံခြုံစိတ်ချရမှုရှိခြင်း၊ နွေးထွေးစွာကြိုဆိုခြင်း၊ ကောင်းစွာပြုပြင်ထိန်းသိမ်းစောင့်ရှောက်ထားခြင်းနှင့် လိုအပ်ချက်အားလုံးအတွက် အသုံးပြုနိုင်သော လူမှုကူညီရေး စင်တာများနှင့်တွေ့ဆုံခြင်းတို့ရှိရန် ဖော်ပြထားသည်။ ထို့အပြင်

မည်သည့်အကြောင်းကြောင့်ဖြစ်စေ အနိုင်ကျင့်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းများသည် ကျောင်းသားများ၏ လုံခြုံစိတ်ချခြင်းနှင့် ပိုင်ဆိုင်ခြင်း ခံစားချက်၊ ထို့အပြင် ၎င်းတို့၏ ပညာရေးဆိုင်ရာအောင်မြင်မှုတို့ကို ထိခိုက်စေပြီး MPS မှ မည်သည့် ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှု သို့မဟုတ် အနိုင်ကျင့်မှုများကို ဆိုသည်းခံသွားမည် မဟုတ်ပါ။

MPS သည် အမေရိကန်ပြည်ထောင်စု လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာန ဥပဒေ စည်းကမ်းလိုက်နာရေးဌာန (ICE) အရာရှိများမှ စာရွက်စာတမ်းမရှိသော သူများအား ဖမ်းချုပ်ထားရန် အားထုတ်မှုများရှိသည့် အလားအလာကို အသိအမှတ်ပြုပါပြီး ထိုကဲ့သို့သော ကြိုးစားအားထုတ်မှုများသည် ICE အရာရှိများ ကျောင်းဝင်းအတွင်း ဥပဒေ၊ စည်းကမ်းလိုက်နာစေရန် ရည်ရွယ်ချက်များဖြင့် ဝင်ရောက်ရှာဖွေခြင်းကို ဖြစ်စေပါသည်။ ထို့အပြင်

မိဘနှင့်ကျောင်းသားများသည် ၎င်းတို့၏ ကလေးများကို ကျောင်းသို့ပို့ဆောင်ခြင်း၊ အိမ်များကို ထွက်ခွာခြင်း၊ နှင့် ပြည်နယ်ကျောင်းများနှင့် အစီအစဉ်မှပေးသော အခမဲ့ ပြည်သူ့ K-12 ပညာရေး အခွင့်အရေးများနှင့် ပတ်သက်၍ ၎င်းကြောက်ရွံ့မှုနှင့် မရေရာမှုများကို MPS ထံသို့ ဖော်ပြခဲ့ကြသည်။ ထို့အပြင်

MPS ၏ မူဝါဒအရ ပညာရေးဆိုင်ရာ ဝန်းကျင်ကို ထိခိုက်မည်ဆိုပါက မည်သည့် ပုဂ္ဂိုလ်ရေး သို့မဟုတ် အဖွဲ့အစည်းမျှ ကျောင်းဝင်းအတွင်းဝင်ရောက်ခြင်းကို လက်ခံမည်မဟုတ်ပါ။ ထို့အပြင်

ICE၏ ကျောင်းတွင်းနှင့်ကျောင်းပတ်ဝန်းကျင် လှုပ်ရှားမှုများသည် ကျောင်းသားများ၏ သင်ကြားမှု ပတ်ဝန်းကျင်နှင့် ပညာရေးဆိုင်ရာ နေရာစီမံမှုများကို များစွာထိခိုက်စေကြောင်း MPS မှယုံကြည်ပါသည်။ ထို့အပြင်

ICE၏ ကျောင်းတွင်း၊ ကျောင်းပြင် လှုပ်ရှားမှုများသည် ကျောင်းသားအားလုံးနှင့် မိသားစုဝင်များ၏ ပညာရေးပတ်ဝန်းကျင်ကို အနှောက်အယှက်ဖြစ်စေခြင်းကို ဥပဒေအရ တားမြစ်ကာကွယ်ခြင်းမှာ ကျောင်းသားများ၊ ဝန်ထမ်း၊ မိသားစုဝင်များနှင့် MPS ၏အသင်းအဖွဲ့ဝင်များအတွက် စိတ်အားတက်ကြွသော ဆုံးသောအရာဖြစ်သည်။

မည်သည့် ပြည်နယ်ဥပဒေ သို့မဟုတ် ပြည်ထောင်စုဥပဒေအရ မည်သည့်ပြည်နယ်ကျောင်းမဆို ICE ၏ လူဝင်မှုကြီးကြပ်ရေး ဥပဒေများအား အတင်းလိုက်နာရန် တိုက်တွန်းမှုများအား ကူညီပေးခြင်းမရှိပါ။ ထို့အပြင်

ICE ၏ 2011 ခုနှစ်တွင် နိုင်ငံတော်လုံခြုံရေးမှတ်တမ်းဌာနမှ ထုတ်ပြန်ခဲ့သောမူဝါဒသည် ကိုယ်စားလှယ်များက ကျောင်းများအပါအဝင် အခြားပဋိပက္ခဖြစ်နိုင်ခြေရှိသော နေရာများတွင် အရေးတကြီး ဆောင်ရွက်ရန် အခြေအနေမရှိပါက သို့မဟုတ် ထိုကဲ့သို့သောမူဝါဒသည် လက်ရှိအကျိုးသက်ရောက်မှုမရှိပါက တိကျ သောပြည်နယ်ဥပဒေလိုက်နာရေးအရာရှိများထံမှအထူးခွင့်ပြုချက်မရှိဘဲ လူဝင်မှုကြီးကြပ်ရေးဥပဒေများလိုက်နာရန် ဆောင်ရွက်မှု လုပ်ငန်းများအား ညွှန်ကြားဆောင်ရွက်မည် မဟုတ်ပါ။

RESOLVED, That the Milwaukee Board of School Directors declare MPS a welcoming and safe school environment for students and families threatened by immigration enforcement or discrimination, and such enforcement shall be opposed to the fullest extent permitted by the law; and be it

ဆုံးဖြတ်ခဲ့ပြီး၊ မီဂူခီကျောင်းညွှန်ကြားရေးမှူးများအဖွဲ့သည် လူဝင်မှုကြီးကြပ်ရေး ဥပဒေလိုက်နာရန်အဖွဲ့ သို့မဟုတ် ခွဲခြားဆက်ဆံခံရမှုများနှင့် ထိုကဲ့သို့သော တွန်းအားပေး ခိုင်းစေမှုများသည် ဥပဒေအရ ပြည့်ဝစွာဆန့်ကျင်ခြင်းဖြစ်ပြီး ခြိမ်းခြောက်ခြင်းခံရသော ကျောင်းသားများ၊ မိသားစုများအား MPS ၏ကြိုဆိုပြီး လုံခြုံစိတ်ချရသော ကျောင်းပတ်ဝန်းကျင်အကြောင်းကို ကြေညာခဲ့သည်။

နောက်ထပ်ဖြေရှင်းခဲ့ပြီး၊ ကြိုဆိုပြီး လုံခြုံစိတ်ချရသော ကျောင်းပတ်ဝန်းကျင် ဖြစ်ခြင်းအရ ဘုတ်အဖွဲ့မှ စီမံညွှန်ကြားသူကို အောက်ပါအချက်များ ပြုလုပ်ရန် ညွှန်ကြားထားသည်-

1. လာမည့် ရက်ပေါင်း 30 အတွင်း ဒေသတွင်း အသင်းအဖွဲ့များမှ အခြေခံသော အဖွဲ့အစည်းများနှင့် အကျိုးတူဆောင်ရွက်သော ပြည်နယ် လူဝင်မှုကြီးကြပ်ရေး အကြံပေး အဖွဲ့၊ တရားဝင်ဝန်ဆောင်မှု ပေးသူများ ၊ ကျောင်းသားများအားနှင့် မိဘများအား ကူညီရန် လူမှုကူညီရေးဝန်ဆောင်မှုများနှင့် ICE ၏ရှေ့ဆက်လုပ်ဆောင်မည့် အသစ်လုပ်ငန်းများအား တုန့်ပြန်မှုနှင့် ကာကွယ်မှုများ ဖန်တီးရန် ဖြစ်သည်။ ထို့အပြင် ပြည်နယ်ကျောင်းတွင် တက်ရောက်နေသော လူမျိုးစုငယ် ကလေးတစ် ယောက်သည် ICE သို့မဟုတ် ပူးပေါင်းပါဝင်သော ဥပဒေလိုက်နာရေးအဖွဲ့၏ ထိန်းသိမ်းခံရခြင်း စသော အကြောင်းများကြောင့် ပြည်နယ်ဥပဒေ၊စည်းကမ်း လိုက်နာ စေခြင်းလုပ်ငန်းအရ လူကြီး တစ်ယောက်၏ ဂရုစိုက်ခံရမှု၊ ကြီးကြပ်မှု၊ ကျောင်းပြင်ပ အုပ်ထိန်းမှု မရှိခြင်းများအတွက် သင့်တော် သည့်

ထိန်းသိမ်းကြီးကြပ်မှုနည်းလမ်းကို ရှာဖွေတွေ့ရှိခြင်းမရှိပါက ပြည်နယ်သည် အရေးပေါ် ဆက်သွယ်ရမည့်လိပ်စာများ သို့မဟုတ် ကလေးသူငယ်ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်သွယ်ပါ။

2. တရားဝင်အကြံပြုအဖွဲ့နှင့်ဆွေးနွေးရာတွင် ကျောင်းသားများနှင့်မိသားစုဝင်များအား ဥပဒေ လိုက်နာစေခြင်းအဖွဲ့နှင့် ICE ကိုယ်စားလှယ်များ၏ တုံ့ပြန်မှုများနှင့်ပတ်သက်၍ အကူအညီများနှင့် အရင်းအမြစ်များအား ပေးရန် ဘာသာစကားနှစ်မျိုးဖြင့် သတင်းအချက် အလက်များ နှင့် တင်ပြချက်များ ပြုလုပ်ရန်ဖြစ်သည်။

3. ကျောင်းတစ်ကျောင်းစီတိုင်းတွင် ရွှေ့ပြောင်းလာရောက်နေထိုင်သူ ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများအား လိုအပ်သော အကူအညီများ ဝန်ဆောင်ပေးရန် ဝန်ထမ်းတစ်ဦးအား ထားရှိမည်။ အနည်းဆုံး လူဝင်မှုကြီးကြပ်ရေးနှင့် တရားမဝင် လူဦးရေ ဆိုင်ရာ အလုပ်လုပ်ခြင်း အသိပညာရှိသော လူဝင်မှုကြီးကြပ်မှုဆိုင်ရာဆက်ဆံရေး အရာရှိတစ်ဦးအား ဗဟိုထာနတွင် ထားရှိရန်ဖြစ်သည်။

4. ရွှေ့ပြောင်းနေထိုင်သူ ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် အရင်းအမြစ်နှင့် သတင်းအချက်အလက်ဌာနကို MPS အားလုံးတွင် ထားရှိရန်ဖြစ်သည်။

5. ပူးပေါင်းပါဝင်သော မြို့နှင့် မြို့နယ်ဆိုင်ရာ ကိုယ်စားလှယ်များအား တရားမဝင် ရွှေ့ပြောင်း နေထိုင် သော ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ကျောင်းဝင်းအတွင်းနှင့် ကျောင်း ပတ်ဝန်းကျင်တွင် ကြိုဆိုပြီး လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ဖန်တီးရန်အားပေးခြင်း ဖြစ်သည်။ ထို့အပြင်

6. ဗဟိုရုံးချုပ် ဝန်ထမ်း၊ စီမံခန့်ခွဲသူများ၊ လမ်းညွှန်ပြသသည့်အကြံပေးသူများ၊ ဆရာများ၊ လိုအပ်ချက် အနည်းငယ်ရှိသော ကျွမ်းကျင်အတတ်ပညာရှင်များအား အမေရိကန်ပြည်ထောင်စု နိုင်ငံသားဖြစ်ရန် လုပ် ဆောင်ရမည့် လမ်းစဉ်များအကြောင်း၊ ရရှိနိုင်သော ကောလိပ်သင်တန်းများ၊ ငွေကြေးပေး ခြင်းဆိုင်ရာ အကူအညီများနှင့် ရွှေ့ပြောင်းဒုက္ခသည် ကျောင်းသားများ ၎င်းတို့၏ အခွင့်အရေးများ ဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်သော ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ခြင်း အခွင့်အရေး များ ပေးရန် ဖြစ်သည်။

နောက်ထပ်ဖြေရှင်းခဲ့ပြီး၊ ဘုတ်အဖွဲ့သည် ညွှန်ကြားသူ သို့မဟုတ် အစီအစဉ်ဆွဲသူအား အောက်ပါအချက်များ ကိုပြုလုပ်ပြီး ICE သည် ကျောင်းအတွင်းသို့ ကြိုတင်ကြေညာခြင်းမရှိ သို့မဟုတ် အကြောင်းကြား ခြင်းမရှိဘဲ ပြည်နယ်ကျောင်းအတွင်းသို့ဝင်ရောက်ခြင်းအတွက် လုပ်ငန်းဆောင်ရွက်ချက်များတိုးတက် စေရန် ညွှန်ကြားသည်-

- ကျောင်းအတွင်းရှိခန့်အပ်ထားသောဝန်ထမ်းသည် စီစဉ်ညွှန်ကြားသူ၏ရုံး သို့မဟုတ် ICE ၏ တာဝန်ရှိသူများ သို့မဟုတ် အခြားလူဝင်မှုကြီးကြပ်ရေးဥပဒေလိုက်နာစေမှုအဖွဲ့၏ တာဝန်ရှိသူ တစ်ဦးအား ချက်ချင်းအကြောင်းကြားရမည်။

- စီစဉ်ညွှန်ကြားသူသည် ICE သို့မဟုတ် အခြား ဥပဒေလိုက်နာစေရေးအဖွဲ့ထံသို့ ကျောင်းသား၏ သတင်းအချက်အလက် သို့မဟုတ် ကျောင်းနှင့်ဆိုင်သော အခွင့်အရေးများအား ထုတ်ဖော်မပြောမီ ICE သို့မဟုတ် အခြားလူဝင်မှုကြီးကြပ်ရေး ဥပဒေလိုက်နာစေရန် ဆောင်ရွက်မှု၏ ဝရမ်း၊ တရားဥပဒေဆိုင်ရာစာရွက်စာတမ်းများနှင့်ပတ်သက်သော ပြန်လည်သုံးသပ်ချက်နှင့် ဆွေးနွေးမှုများအတွက် MPS ၏ တရားဝင် အတိုင်ပင်ခံအား ချက်ချင်းဆက်သွယ်ရမည်။

- ကျောင်းတွင်းရှိ ခန့်အပ်ထားသော ဝန်ထမ်းအဖွဲ့ဝင်သည် အရာရှိများ သို့မဟုတ် ကိုယ်စားလှယ်များ၏ ဝန်ထမ်းကဒ်အား တောင်းဆိုပြီး တရားသူကြီးထံမှ ဝရမ်း သို့မဟုတ် ICE အရာရှိများထံမှ စာရွက်စာတမ်းများအား မိတ္တူကူးယူပြီး ထိုမိတ္တူများကို စီမံခန့်ခွဲသူ၏ ရုံးခန်းကို ပေးပို့ရမည်။

- ကျောင်းတွင်းရှိ ခန့်အပ်ထားသော ဝန်ထမ်းအဖွဲ့ဝင်သည် ထိုကျောင်းသား ကျောင်း၌ရှိ၊ မရှိ၊ သို့မဟုတ် ကျောင်း၏ကျောင်းသား၊ ၎င်းတို့၏ အတန်းအချိန်စာရင်း သို့မဟုတ် မိသားစုနှင့်ဆိုင်သော အကြောင်းအရာများအပါအဝင် ကျောင်းသား သို့မဟုတ် မိသားစု အဖွဲ့ဝင်နှင့် ပတ်သက်သော မည်သည့် အကြောင်းအရာမှ ထုတ်ဖော်ပြောဆိုခြင်းမရှိပါ။

- အကယ်၍ ပညာရေးအခြေအနေအား တစ်စုံတစ်ဦး ဝင်ရောက်လေ့လာမှုကြောင့် အနောက်အယှက်ဖြစ်မည်ဆိုပါက MPS ၏ ယေဘုယျ မူဝါဒအရ မည်သည့် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းအား ကျောင်းဝင်းအတွင်းဝင်ရောက်ခြင်းကို ခွင့်ပြုမည်မဟုတ်ပါ။ ခန့်အပ်ထားသော ဝန်ထမ်းအဖွဲ့ဝင်သည် မည်သည့် ICE အရာရှိ သို့မဟုတ် ထိုကဲ့သို့သောအခြားလူဝင်မှုကြီးကြပ်ရေး ဥပဒေလိုက်နာမှု အဖွဲ့များအား ကျောင်းဝင်းအတွင်း ဝင်ခွင့်မပြုမှီ၊ ၎င်းတို့တောင်းဆိုထားသော ကျောင်းသား၏အချက်အလက်များကိုမပေးပို့မှီ ကန့်သတ်ထားခြင်းမရှိသော မိသားစုပညာသင်ခွင့် အခွင့်အရေးများနှင့် ကိုယ်ရေးကိုယ်တာ အက်ဥပဒေ (FERPA) သို့မဟုတ် ဝစ်စကွန်စင် ပြည်နယ် သတ်မှတ်မှု §118.125၊ တပည့်များ၏ မှတ်တမ်းနှင့် MPS ၏ သက်ရောက်ဆဲဥပဒေ သို့မဟုတ် ကျောင်းသားမှတ်တမ်းဖော်ထုတ်ပြောဆိုမှု လုပ်ဆောင်ချက်အဆင့်ပြည်နယ်နှင့် ပြည်ထောင်စု ဥပဒေအရ၊ ကျောင်းသားများ၏ သတင်းအချက်အလက်၊ ကျောင်းတွင်ရှိ၊ မရှိ သိရှိလိုပါက စီစဉ် ညွှန်ကြားသူ၏ ရုံးခန်းကို ဆက်သွယ်ရမည်ဖြစ်ကြောင်း သတင်းပေးပို့ရမည်။

နောက်ထပ်ဖြေရှင်းပြီး၊ MPS၏ ဝန်ထမ်းများ၊ အကျိုးတူလိုလားသူများ၊ လုပ်အားပေးသူများနှင့် ကိုယ်စားလှယ်များသည် စုံစမ်းရန် သို့မဟုတ် အမေရိကန်ပြည်ထောင်စုရှိ တရားမဝင်နေထိုင်သူများအား စိုးရိမ်ကြောင့်ကြမှုကို ကူညီရန် ရည်ရွယ်ချက်အတွက် ပြည်နယ်၏ သတင်းအရင်းအမြစ်များကို အသုံးပြုခွင့်မရှိပါ။

နောက်ထပ်ဖြေရှင်းပြီး၊ MPS ၏ ဝန်ထမ်းများ၊ အကျိုးတူလိုလားသူများ၊ လုပ်အားပေးသူများနှင့် ကိုယ်စားလှယ်များသည် ကျောင်းသား၊ သို့မဟုတ် ၎င်းတို့ မိသားစုဝင်များ၏လူဝင်မှုကြီးကြပ်ရေး အခြေအနေကို ဖော်ပြရန် ရည်ရွယ်ချက်ဖြင့် မသင့်တော်သော စုံစမ်း မေးမြန်းမှုများကို မပြုလုပ်နိုင်ပါ။

နောက်ထပ်ဖြေရှင်းပြီး၊ MPS ၏ ဝန်ထမ်းများ၊ အကျိုးတူလိုလားသူများ၊ လုပ်အားပေးသူများနှင့် ကိုယ်စားလှယ်များသည်ကျောင်းသား သို့မဟုတ် မိသားစုဝင်၏လူဝင်မှုကြီးကြပ်ရေးဆိုင်ရာအခြေအနေကို

သင့်တော် သော လုပ်ငန်းစဉ်များကို မလုပ်ဆောင်ခြင်းမရှိ၊ သက်ရောက်ဆဲဖြစ်သော ပြည်ထောင်စု ဥပဒေ မရှိဘဲ၊ မည်သည့် ICE အရာရှိများ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဥပဒေလိုက်နာစေရန် ဆောင်ရွက်မှု အဖွဲ့ဝင်များအား ထုတ်ဖော်ပြောဆိုနိုင်ခြင်းမရှိပါ။

နောက်ထပ်ဖြေရှင်းခဲ့ပြီး၊ MPS ၏ ဝန်ထမ်းများ၊ အကျိုးတူလိုလားသူများ၊ လုပ်အားပေးသူများနှင့် ကိုယ်စားလှယ်များသည် ICE အရာရှိများ သို့မဟုတ်  လူဝင်မှုကြီးကြပ်ရေးဥပဒေလိုက်နာစေရန် ဆောင်ရွက်မှု အဖွဲ့ဝင်များအား FERPA သို့မဟုတ် အခြားသက်ရောက်သော ဥပဒေ၊ ပြည်ထောင်စု ဥပဒေ သို့မဟုတ် MPS ၏ ကျောင်းသားများ၏မှတ်တမ်းကို လျှို့ဝှက်ထားမည်ဆိုသောမူဝါဒ နှင့်လမ်းစဉ် အရ သင့်တော် သော ပြည်နယ်အာရှိ၏ လုပ်ဆောင်ရန်လိုအပ်သော လုပ်ငန်းများကို မလုပ်ဆောင်ပါက ကာကွယ်ခြင်း ခံထားရသော မည်သည့် ပြည်နယ် ကျောင်းသား၏ သတင်းအချက်အလက်ကို မဆို ထုတ်ဖော်သွား မည် မဟုတ်ပါ။

နောက်ထပ်ဖြေရှင်းခဲ့ပြီး၊  မည်သည့် ICE အရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေး ဥပဒေလိုက်နာစေမှု အရာရှိ မဆို လူဝင်မှုကြီးကြပ်ရေး ဥပဒေအား အတင်းအကြပ်လိုက်နာစေရန် ရည်ရွယ်ချက်ဖြင့် ရုတ်တရက် ပြည်နယ်ကျောင်းသို့ ဝင်ရောက်နိုင်ပါမည်ဟု အာမခံခြင်းမရှိပါ။ ဝင်ရောက်လိုပါက စီမံညွှန်ကြားသူထံသို့ ချက်ခြင်းဆက်သွယ်ရမည်။

နောက်ထပ်ဖြေရှင်းပြီး ၊ MPS သည် ကျောင်းသားများ၏ ကိုယ်ရေးကိုယ်တာများကို အမြင့်ဆုံးကာကွယ်ပေးနိုင်ကြောင်း သေချာစေရန် ၎င်း၏ မှတ်တမ်းထိန်းသိမ်းရေး မူဝါဒများနှင့် လက်တွေ့လုပ်ဆောင်မှုများကို ပြန်လည် စစ်ဆေးသွားမည်။

နောက်ထပ်ဖြေရှင်းပြီး၊ ဘုတ်အဖွဲ့သည် စီမံခန့်ခွဲမှုအဖွဲ့အား ပြည်နယ်အတွင်းရှိ ဤဖြေရှင်းမှု ဆုံးဖြတ်ချက်များသည် ပြီးပြည့်စုံသော ပေါင်းစည်းမှုဖြစ်ပေါ်စေကြောင်း သေချာစေရန်  ပြည်နယ်၏ မူဝါဒများ၊ လမ်းစဉ်များ နှင့် လက်တွေ့လုပ်ဆောင်မှုများအား ပြည့်ဝစွာ ပြန်လည်စစ်ဆေးသွားရန် ညွှန်ကြားသည်။

နောက်ထပ်ဖြေရှင်းပြီး ပြည်နယ်သည် ဤပြီးပြည့်စုံပြီး ကျေနပ်လွယ်သောဖြေရှင်းမှုအားလုံးကိုပုံမှန်ဆက်သွယ်မှုမှတစ်ဆင့် ကျောင်းတိုင်းရှိပြည်နယ်ဝန်ထမ်းများ၊ ကျောင်းသားများ၊ မိသားစုဝင်များအား  ဖြန့်ချီသွားမည်ဖြစ်သည်။ MPS သည် ကျောင်းသားများ၏အိမ်၌ နားလည်သောဘာသာစကားများဖြင့် ဘာသာပြန် ဆိုထားကြောင်း သေချာစေရန် သင့်တော်သော တိုင်းတာလုပ်ဆောင်မှုများကို ဆောင်ရွက်သွားမည်။

နောက်ထပ်ဖြေရှင်းခဲ့ပြီးပြည့်ဝသော ပေါင်းစည်းမှုဖြစ်ပေါ်စေရန် ဤဖြေရှင်းချက်များအား ဘုတ်အဖွဲ့သို့ 2017 ဧပြီ ဘုတ်လည်ပတ်မှု(Board Cycle) ထက်နောက်မကျပဲ လိုအပ်သော မည်သည့် မူဝါဒများ သို့မဟုတ် လမ်းစဉ်များအား ပြန်လည်စစ်ဆေးအဆင့်မြှင့်တင်သွားမည်ဖြစ်သည်။

နောက်ထပ်ဖြေရှင်းခဲ့ပြီး၊ ဘုတ်အဖွဲ့သည် ကျောင်းသားများနှင့် ဝန်ထမ်းများ၏ ညီမျှသော ကာကွယ်မှု အတွက် ၎င်း၏လုပ်နိုင်စွမ်းအတွင်းတတ်စွမ်းသမျှ အားလုံးကို လုပ်ဆောင်သွားမည်ဖြစ်သည်။